## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ (၂၇-၇-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁ | **ဦးမောင်ရွှေ၊ လှိုင်ကော် မဲဆန္ဒနယ်**က ကယားပြည်နယ်အတွင်းရှိ (၅)နှစ်ကျော်သက်တမ်းလွန် မော်တော်ကားနှင့် ဆိုင်ကယ်တို့အား ယာဉ်လိုင်စင်သက်တမ်း ပြန်လည်တိုးပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာန**က နယ်မြေဒေသအခြေအနေနှင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် မှတ်ပုံတင်သက်တမ်း ကျော်လွန်နေသော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား အမှန်တကယ် ပိုင်ဆိုင်မှုရှိသည့် ယာဉ်မှတ်ပုံတင်စာအုပ်၊ သက်သေခံလက်မှတ်နှင့် ယာဉ်အား စစ်ဆေးပြီး မှန်ကန်မှုရှိပါက ပြန်လည်မှတ်ပုံတင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၂ | **ဦးမဖိုးလောင်ဝီး၊ လဟယ် မဲဆန္ဒနယ်**က လဟယ်မြို့နယ်တွင် ဆက်သွယ်ရေးဖုန်းလိုင်းများ အချိန်ပြည့်ရရှိရေး၊ အင်တာနက်လိုင်းများ ပြန်လည်ရရှိရေးနှင့် နည်းပညာကျွမ်းကျင်သည့် ဆက်သွယ်ရေးတာဝန်ခံတစ်ဦး ခန့်အပ်ပေးရေး သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဒီဂျယ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန**က နည်းပညာကျွမ်းကျင်သည့် ဒုတိယကြီးကြပ်ရေးမှူး(စက်မှု) ဝန်ထမ်းတစ်ဦးကို ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ကြောင်းနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုအပေါ် မူတည်၍ မိုက္ကရိုဝေ့ဆက်ကြောင်းများအား ကွင်းဆင်းစစ်ဆေး၍ ပြန်လည်ပြုပြင်ပြီး ဆက်သွယ်ရေးဝန်ဆောင်မှုများ ပုံမှန်ပြန်လည်ရရှိရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြေကြားပါသည်။ |
| ၃ | **ဒေါ်စမ်းစမ်းဌေး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်**က ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများအား ထိုက်သင့်သော ချီးမြှင့်ငွေ သို့မဟုတ် လစာတိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**က နိုင်ငံ့ဝန်ထမ်းအားလုံး ရာထူးအဆင့်အလိုက် ချိန်ညှိန်းလစာအပြင် ထောက်ပံ့ကြေးနှင့်စရိတ်များကို သတ်မှတ်ခံစားခွင့်ပြုပေးထားပါ၍ လတ်တလောတွင် ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများအားတိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄ | **ဦးငြိမ်းထွေး၊ အင်းစိန် မဲဆန္ဒနယ်**က အင်းစိန်မြို့နယ်၊ ရပ်ကွက်များတွင် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် မည်သို့ စီမံဆောင်ရွက်မည်နှင့် အခြားနည်းဖြင့် ဆောင်ရွက်သွားမည့် အစီအမံ ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **နေပြည်တော်ကောင်စီ**က ယခုဘဏ္ဍာနှစ်တွင် ရေစီးရေလာကောင်းမွန်စေရေး ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ချောင်းကြီးနှင့် မြောင်းကြီးများတူးဖော်ရှင်းလင်းခြင်း၊အုတ်ရေမြောင်း၊ Box Culvertနှင့် မြေထိန်းနံရံများပြုလုပ်ပေးခြင်းကို ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅ | **ဦးတင်ရွှေ၊ ရွှေတောင် မဲဆန္ဒနယ်**က ရွှေတောင်မြို့နယ်ရှိ ဉာဏ်တော်ကြီးကျေးရွာနှင့် ဉာဏ်ကံကြီးကျေးရွာပေါင်းချုပ်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က မြေသားလမ်း ၁ မိုင် ၂ ဖာလုံအား တာပေါင်ချဲ့ခြင်းနှင့် မြေနီခင်းခြင်း လုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆ | **ဦးနိုင်ဝင်း၊ ဓနုဖြူ မဲဆန္ဒနယ်**က ဓနုဖြူမြို့နယ်ရှိ ဆကာကြီးကျေးရွာမှ သဲဖြူကျေးရွာ မဲဇလီတံတားထိပ်ထိ ကွန်ကရစ်လမ်းပိုင်းအား အဆင့်မြှင့်တင်ပေးနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က ယခု ဘဏ္ဍာနှစ်တွင် ၂ ဖာလုံ ကွန်ကရစ်ခင်းခြင်းနှင့် ကျန်လမ်းပိုင်းများအား ချောင်းသဲကျောက်ခင်းခြင်းလုပ်ငန်းကို အကန့်အသတ်အတွင်းမှ ဆောင်ရွက်သွားမည်ဖြစ်ပြီး ထပ်မံလိုအပ်ပါက ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၇ | **ဦးလှခိုင်၊ ဇလွန် မဲဆန္ဒနယ်**က ဇလွန်မြို့နယ်၊ ထုံးတပို့-ရေလဲ-မြစ်ဝ-ရေတွင်းကုန်း အထွေထွေ့လမ်းအား ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်နိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က မြေသားလမ်း ၁၁ မိုင်အနက် ၂ မိုင်အား မြေနီကျောက်စရစ်ခင်းခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထား၍ ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |